မဲတောကျေးရွာ
ယင်းမာရိုးကျေးရွာအုပ်စု
သာစည်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မဲတောကျေးရွာ၊ သာစည်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ
ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာ လ

မာတိကာ

မာတိကာ

၁. စကားချီး ၃

၂. သာစည်မြို့နယ်၊ ယင်းမာရိုးကျေးရွာအုပ်စု၊ မဲတောကျေးရွာ၏ သယံဇာတပြမြေပုံ ၄

၃. သာစည်မြို့နယ်၊ ယင်းမာရိုးကျေးရွာအုပ်စု၊ မဲတောကျေးရွာ၏ **ရာသီခွင်ပြ ပြက္ခဒိန်** **၅**

၄. သာစည်မြို့နယ်၊ ယင်းမာရိုးကျေးရွာအုပ်စု၊ မဲတောကျေးရွာ၏ **ကျေးရွာတွင်း၊ ရွာပြင် အဖွဲ့အစည်းများ ချိတ်ဆက်မှု ပြပုံ** ၆

၅. သာစည်မြို့နယ်၊ ယင်းမာရိုးကျေးရွာအုပ်စု၊ မဲတောကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

၅.က။ တည်နေရာနှင့်ပထဝီ အနေအထား ၇

၅.ခ။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၇

၅.ဂ။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၇

၅.ဃ။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၇

၅.င။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၈

၅.စ။ ပညာရေး ၉

၅.ဆ။ ကျန်းမာရေး ၉

၅.ဇ။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၀

၅.ဈ။ ကျား – မ ရေးရာ ၁၀

၆. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၁

နောက်ဆက်တွဲများ

- နောက်ဆက်တွဲ ၁ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၂
- နောက်ဆက်တွဲ ၂ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ ၁၃
- နောက်ဆက်တွဲ ၃ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု ဇယား ၃၈

စကားချီး

မဲတောကျေးရွာ၏ ဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈ ခုနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် စီမံချက်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းစဉ်များ၊ စီမံကိန်း လုပ်ငန်းများအတွက် လိုအပ်သော နည်း ပညာနှင့် လုပ်ငန်းစဉ်များအား ကူညီပံ့ပိုးပေးပါသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် လိုအပ်သော အကူအညီများ၊ အကြံဉာဏ်များကို ပါဝင်ပံ့ပိုးပေးပါသော အုပ်ချုပ်ရေးမှူးတို့အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်တော်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေး ညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးမည့် စီမံကိန်းရေးဆွဲရေး အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်နှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော စီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်မံဖြည့်စေးခြင်းဖြင့် ပိုမို ကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်း ဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကိုမူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာ အုပ်ချုပ်ရေးမှူး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ ဆက်လက် ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်တော်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင် မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင် အပိုင်း(၂) ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံချက်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြု စီမံချက် လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မဲတောကျေးရွာ၊ သာစည်မြို့နယ်

၂. သာစည်မြို့နယ်၊ ယင်းမာရိုး ကျေးရွာအုပ်စု၊ မဲတောကျေးရွာ၏ သယ်ဇာတပြမြေပုံ



၃. သာစည်မြို့နယ်၊ ယင်းမာရိုး ကျေးရွာအုပ်စု၊ မဲတောကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်



၄. သာစည်မြို့နယ်၊ ယင်းမာရိုး ကျေးရွာအုပ်စု၊ မဲတောကျေးရွာ၏ ကျေးရွာတွင်း၊ရွာပြင်အဖွဲ့အစည်းများ ချိတ်ဆက်မှုပြပုံ



၅. သာစည်မြို့နယ်၊ ယင်းမာရိုးကျေးရွာအုပ်စု၊ မဲတောကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

၅.က။ တည်နေရာနှင့် ပထဝီဝင်အနေအထား

မဲတောကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ ယင်းမာရိုးကျေးရွာအုပ်စုတွင် ပါဝင်ပါသည်။ အုပ်ချုပ်ရေးမှူးရုံးစိုက်ရာ သာစည်မြို့၏ အရှေ့မြောက်ဘက် (၆) မိုင်ခန့် အကွာတွင် တည်ရှိပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အများစုမှာ စိုက်ပျိုးရေး လုပ်ငန်းကို အဓိကထားလုပ်ကိုင် အသက်မွေးဝမ်းကျောင်းပြုကြပါသည်။

၅.ခ။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

မဲတောကျေးရွာသည် အပူပိုင်းမိုးနည်းရေရှားဒေသဖြစ်ပြီး စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြပါသည်။ မြေဆီလွှာအရည်အသွေး အသင့်အတင့်သာ ကောင်းမွန်ပါသည်။ စိုက်ပျိုးရေအဖြစ် မင်းလှကန် ရေသွင်းမြောင်းများမှ အနည်းငယ်ရရှိပြီး မလုံလောက်သောကြောင့် မိုးရေကိုသာ အားထားရပါသည်။ အချို့နှစ်များတွင် ရာသီဥတုမမှန်ခြင်း၊ မိုးခေါင်ခြင်းများနှင့် ရင်ဆိုင်ရပါသည်။ ရေငန်ထွက်ရှိရာ ဒေသ ဖြစ်သောကြောင့် စိုက်ပျိုးရေအဖြစ် မြေအောက်ရေကို အသုံးမပြုကြပါ။ ထွန်ယက်စိုက်ပျိုးနိုင်သော လယ်မြေ (၅၅၉.၉) ဧက၊ ယာမြေ (၆၆၁) ဧက လုပ်ကိုင်ကြပြီး စပါး၊ နှမ်း၊ ဝါ၊ ငရုတ်၊ မြေပဲ၊ ကုလားပဲ၊ ပြောင်းတို့ကို စိုက်ပျိုးကြပါသည်။ မဲတောကျေးရွာနှင့် ဝန်းကျင်တွင် ခါတ်သတ္တုများ မထွက်ရှိပါ။ တိရစ္ဆာန် မျိုးစိတ်များအနေဖြင့် ဆက်ရက်၊ ဗျိုင်း၊ စာကလေး၊ ဇီးကွက်၊ မြွေ၊ တောက်တဲ့၊ ရှဉ့်စသည်တို့ တွေ့ရှိရပါသည်။ အပင်မျိုးစိတ်များအနေဖြင့် ရှားစောင်းလက်ပပ်၊ မရန့်မလူး၊ မြင်းခွာ၊ ရှားပင်၊ ထနောင်းပင်၊ တမာ၊ မန်ကျည်း စသည်တို့ ပေါက်ရောက်ပါသည်။

၅.ဂ။ ဖွံ့ဖြိုးရေးဆိုင်ရာ စိမ်ခန့်ခွဲမှုအခြေအနေ

မဲတောကျေးရွာတွင် ပရဟိတအဖွဲ့နှင့် အမျိုးသမီးယဉ်ကျေးမှုအဖွဲ့ဟူ၍ အဖွဲ့ (၂) ဖွဲ့ ရှိပါသည်။ အဖွဲ့အစားလုံး စည်းလုံး၍ လုပ်ငန်းများကိုတက်ကြွစွာ ဆောင်ရွက်ကြပါသည်။ ပရဟိတ အဖွဲ့တွင် ကျေးရွာမှ အမျိုးသား၊ အမျိုးသမီး (၂) မျိုးလုံးဖြင့် ဖွဲ့စည်းထားပါသည်။ ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုများတွင် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာရပ်မရပ်ဖများ ပူးပါင်းညှိနှိုင်း ၍သော်လည်းကောင်း၊ ကျေးရွာသူ/ သားများ၏ ကိုယ်ထူကိုယ်ထပရဟိတ စေတနာဖြင့်သော်လည်းကောင်း ပရဟိတအသင်း၊ သာရေးနာရေးအသင်းတို့ကိုဖွဲ့စည်း၍ ကျေးရွာ၏ ဘာသာရေးဆိုင်ရာ ကိစ္စများ၊ သာရေးနာရေး ထမင်းဟင်းချက်၊ ပစ္စည်းသယ်/ သိမ်း အစရှိသည့် ဝေယျာဝစ္စကိစ္စများအား စီမံဆောင်ရွက်ကြပါသည်။

၅.ဃ။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

မဲတောကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ အိမ်ထောင်စု (၁၅၆) စု အနက် ၈၀ % ခန့်သည် စိုက်ပျိုး မြေများပိုင်ဆိုင်ကြပြီး စိုက်ပျိုးရေးကို ကိုယ်ပိုင်လုပ်ငန်းအဖြစ် လုပ်ကိုင်ကြပါသည်။ ကျန်သော ၂၀ % သည် မြေယာမဲ့များဖြစ်ပြီး တောင်သူအငှား၊ နေ့စားကျပန်းအလုပ်များကို လုပ်ကိုင်ကြပါ သည်။ စိုက်ပျိုးမြေယာ ပိုင်ဆိုင်မှု စစ်တမ်းအရ ဆင်းရဲသား

တောင်သူသည် ၅.၂%၊ တောင်သူငယ် သည် ၂၁.၂%၊ အလယ်အလတ်တောင်သူ ၂၉.၄ %နှင့် တောင်သူကြီး ၂၅.၆% ရှိသည်ကို တွေ့ရပါသည်။ စိုက်ပျိုးသီးနှံ အနေဖြင့် စိုက်ပျိုးရေ များများ မလိုအပ် သော နှမ်း၊ ဂုလားပဲ၊ မြေပဲ တို့ကို အားထားစိုက်ပျိုးပါသည်။ စပါး၊ ဝါ၊ ငရုတ်၊ ပြောင်း စသည့် သီးနှံများ ကို ရာသီအလိုက်စိုက်ပျိုးပါသည်။ လယ်ယာမြေများပိုင်ဆိုင်သော်လည်း စိုက်ပျိုးရေ ရှုပ်ပါးခြင်း၊ မြေဆီ မြေဩဇာ သုံးစွဲမှု နည်းခြင်း၊ ပိုးမွှားတိရစ္ဆာန်များ ဖျက်ဆီးမှုများခြင်း၊ မိရိုးဖလာ မျိုးစေ့များကိုသာ သုံးစွဲပြီး မျိုးကောင်းမျိုးသန့်များ မရင်းနှီးနိုင်ခြင်း၊ လယ်ယာသုံး စက်ကိရိယာများ အသုံးမပြုနိုင်ခြင်း တို့ကြောင့် သီးနှံအထွက်နှုန်း သိသိသာသာ လျော့နည်းလျက်ရှိပါသည်။ စိုက်ပျိုးချိန် သီးနှံမျိုးစေ့ ဈေး ကောင်း၍ သီးနှံပေါ်ချိန် ဈေးကျသောကြောင့် ပွဲစားပေးသော ဈေးနှုန်းကိုသာ အားထားရ၍ သီးနှံဈေး ကွက်လည်းလိုအပ်ပါသည်။

မဲတောကျေးရွာတွင် နွား၊ နို့စားနွား၊ ကြက်၊ ဝက်၊ ဆိတ် တပိုင်တနိုင် မွေးမြူရေးကိုလည်း လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားစီးပွားရေး လုပ်ငန်းများ အနေဖြင့် ပန်ရံ၊ လက်သမား လုပ်ကိုင်သူများ၊ သီးနှံပွဲစားနှင့် ကုန်စုံဆိုင်ဖွင့်သော အိမ်ထောင်စုများ ရှိပါသည်။ ပန်းရံ၊ လက်သမားများမှာ လုပ်ငန်းရှိမှသာ ဝင်ငွေရသောကြောင့် အသင့်အတင့်သာ အဆင်ပြေပါသည်။ သီးနှံပွဲစားနှင့် အိမ်ဆိုင်ဖွင့်သူများသည် ဝင်ငွေ အဆင်ပြေပါသည်။

မဲတောကျေးရွာတွင် ဥစ္စာဓနအဆင့်ကို အဆင့် (၄) ဆင့် ခွဲထားပါသည်။ ဥစ္စာဓန အဆင့် (၁) ချမ်းသာသောမိသားစုမှာ ကျေးရွာအိမ်ထောင်စု၏ (၁၀.၃%)၊ အဆင်ပြေသော အိမ်ထောင်စု (၅၁.၉%)၊ မပြေလည်သော အိမ်ထောင်စု (၁၆.၆%) နှင့် အလွန်မပြေလည်သော အိမ်ထောင်စု (၂၁.၂%) ခန့်ရှိပါသည်။ ကျေးရွာအိမ်ထောင်စုများသည် လယ်ယာမြေများ ပိုင်ဆိုင်ကြပြီး စိုက်ပျိုးရေး လုပ်ငန်းအား ကိုယ်ပိုင် လုပ်ကိုင်နိုင်ကြသောကြောင့် အဆင်ပြေသော အိမ်ထောင်စု များပါသည်။

၅.၁။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ (လမ်းတံတား၊ အခြားအခြေခံအဆောက်အဦများ၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး)

မဲတောကျေးရွာတွင် ကျေးရွာတွင်း လမ်းများမှာ မြေသားလမ်းများ ဖြစ်ပြီး မိုးတွင်းကာလတွင် ရွံ့နွံ ထူထပ်၍ သွားလာရ ခက်ခဲပါသည်။ မဲတော-ကန်ရွာသည် ကျေးရွာချင်းဆက်လမ်းနှင့် မဲတော-သဲပုတ်ကုန်း ကျေးရွာချင်းဆက်လမ်းများမှာလည်း မြေသားလမ်းများ ဖြစ်သောကြောင့် မိုးတွင်းကာလတွင် သွားလာရ ခက်ခဲပါသည်။ မိုးရာသီတွင် ရွံ့ဖွက်ထူထပ်သောကြောင့် မဲတောကျေးရွာမှ ကန်ရွာသည်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းသို့ တက်ရောက်ကြသော ကျောင်းသားများ၊ သဲပုတ်ကုန်းကျေးရွာ ကျေးလက် ဆေးပေးခန်းသို့ သွားရောက် ဆေးကုသကြသော လူနာများ အခက်အခဲ ကြုံတွေ့ရပါသည်။ မဲတော-ကန်ရွာသည်၊ မဲတော-ဘွဲ့ခြား၊ မဲတော-ရွာပုလဲကြီး ကျေးရွာချင်းဆက်လမ်းများပေါ်ရှိ တံတားများမှာ ယာယီ သာသွားလာရ၍ ရေရှည်သွားလာမှု လွယ်ကူစေရေး တံတားများ ပြန်လည် ပြုပြင်တည်ဆောက်ရန် လိုအပ်ပါသည်။

မဲတောကျေးရွာ၌ ကျေးရွာအိမ်ထောင်စု စုစုပေါင်း၏ ၈၂ % သည် ဆိုလာမီးကို အသုံးပြုကြပြီး ၁၀ % သည် ဒီဇယ်အင်ဂျင်ကို သုံးစွဲကြပါသည်။ လျှပ်စစ်မီး အသုံးမပြုနိုင်သော အိမ်ထောင်စု များလည်း ရှိပါသည်။ ကျေးရွာတွင် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီး သွယ်တန်းနိုင်ရေးအတွက် ကျေးရွာမီးလင်းရေး ကော်မတီကို ဖွဲ့စည်းပြီး လုပ်ငန်းများ စတင်ဆောင်ရွက်လျက် ရှိပါသည်။

ကျေးရွာတွင် ကား (၃) စီး၊ သုံးဘီးဆိုင်ကယ် (၁) စီး၊ ဆိုင်ကယ် (၁၄၇) စီး၊ စက်ဘီး (၁၀၃) စီး၊ နွားလှည်း (၈၃) စီး တို့ဖြင့် သယ်ယူ ပို့ဆောင်ရေးကို အသုံးပြုကြပါသည်။ စက်ဘီးကို ကျောင်းသား/ သူ များမှ အသုံးများပြီး နွားလှည်းကို တောင်ယာ လုပ်ငန်းခွင်တွင် အသုံးပြုကြပါသည်။ ကျေးရွာတွင် မိုးကိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှု ဝန် ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြပါသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်း အချက်အလက်များအတွက် ချိတ်ဆက် အသုံးပြုနိုင်သည်။ ဗဟုသုတစုံရှာဖွေနိုင်ရန် ကျေးရွာစာကြည့်တိုက် ဖွင့်လှစ်နိုင်ရန် လိုအပ်ပါသည်။

၅.၈။ ပညာရေး

ကျေးရွာတွင် အခြေခံပညာ မူလတန်း ရှိပါသည်။ ကျောင်းတွင် ကျောင်းဆရာ (၁) ဦး၊ ဆရာမ (၅) ဦးရှိပြီး ကျောင်းသားအရေအတွက်နှင့် ဆရာ/ ဆရာမ လုံလောက်မှု ရှိပါသည်။ စာသင်ကျောင်းဆောင် သည် ၁၈၀၀ စတုရန်းပေ ကျယ်ဝန်းပြီး အသင့်အတင့်သာ ကောင်းမွန်ပါသည်။ ကျောင်းသုံးပရိဘောဂများ၊ သင်ထောက်ကူပစ္စည်းများ မလုံလောက်ပါ။ ကျောင်းရေလောင်း အိမ်သာများ ကောင်းမွန်ပါသည်။ မိဘ ဆရာအသင်းမှ ဦးဆောင်၍ ကျောင်းအာဟာရ တိုက်ကျွေးမှု အစီအစဉ်များရှိပါသည်။ အလယ်တန်းကို ကျေးရွာနှင့် (၄) မိုင်ခန့်ဝေးသော ကန်ရှည်သို့ လည်းကောင်း၊ အထက်တန်းကို ကျေးရွာနှင့် (၆) မိုင် ခန့် ကွာဝေးသော သာစည်မြို့သို့လည်းကောင်း သွားရောက် တက်ရောက်ကြပါသည်။

မူလတန်းကျောင်းသားဦးရေ (၅၉) ဦး၊ အလယ်တန်းကျောင်းသားဦးရေ (၄၀) ဦး၊ အထက်တန်း ကျောင်းသားဦးရေ (၂၀) ဦးနှင့် တက္ကသိုလ်/ ကောလိပ်ကျောင်းသားဦးရေ (၁၁) ဦး ရှိပါသည်။ မိသားစု စားဝတ်နေရေး အခက်အခဲကြောင့် အထက်တန်းအဆင့်၊ တက္ကသိုလ်ပညာအဆင့်တွင် ကျောင်းမတက်ရောက် နိုင် သူများလည်း ရှိပါသည်။

၅.၉။ ကျန်းမာရေး

မဲတောကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနမရှိသောကြောင့် သာမန်ဖျားနာလူနာများသည် ကျေးရွာနှင့် အနီးဆုံး သဲပုတ်ကုန်းကျေးရွာ ကျေးလက်ဆေးပေးခန်းတွင် သွားရောက် ကုသကြရပါသည်။ အဖရးပေါ်လူနာများအား (၆) မိုင်ခန့်ဝေးသော သာစည်မြို့နယ်ဆေးရုံသို့ သွားရောက် ကုသကြရပါသည်။ မဲတောကျေးရွာမှ သာစည်မြို့သို့သွားရသော ချဉ်းကပ်လမ်းမှာ မြေစေးမြေသားလမ်းဖြစ်ပြီး မိုးတွင်း ကာလတွင် သွားလာရ အလွန်ဆိုးသောကြောင့် မြို့နယ်ဆေးရုံသို့ အချိန်မီ မရောက်ဘဲ အသက်ဆုံးရှုံးသည် အဖြစ်များလည်း ကြုံတွေ့ရပါသည်။ ကျန်းမာရေးနှင့် ပတ်သက်၍ ကလေးငယ်များတွင် ရာသီအလိုက် ဖြစ်ပွားတတ်သော ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ရာသီတုပ်ကွေးရောဂါများ ဖြစ်ပွားလေ့ရှိပြီး လူကြီးရောဂါ

များဖြစ်သော ဆီးချို၊ သွေးတိုးရောဂါ ခံစားနေရသူများလည်း ရှိပါသည်။ မြို့နယ်နှင့် ကျေးလက် ကျန်းမာရေးဌာနတို့မှ ကလေးငယ်များအား ကာကွယ်ဆေး လာရောက် ထိုးပေးပါသည်။

မဲတောကျေးရွာတွင် ကျေးရွာဘုန်းတော်ကြီး ကျောင်းဝန်းအတွင်း၌ (၂၅) ပေ၊ (၃၀) ပေ စိမ့်တွင်းလေးများမှ ရေချိုတူးဖော်ရရှိ၍ ခြေနင်းဘုံပိုင်တွင်းဖြင့် အိမ်ထောင်စုတိုင်း နီးပါး အသုံးပြုကြပါသည်။ မြို့နယ်ကျေးလက်ဦးစီးဌာနမှ တူးဖော်ပေးထားသော တွင်းနက် (၁) တွင်းရှိပြီး ရေငန်ထွက်ရှိသောကြောင့် အနည်းငယ်သာ အသုံးပြုကြပါသည်။ နွေရာသီတွင် ကျေးရွာရေကန်မှလည်း အသုံးပြုကြပါသည်။ အဝီစိ စက်တပ်တွင်းပိုင်သော အိမ်ထောင်စုများလည်းရှိပြီး အိမ်တိုင်ရာရောက် ရေသွယ်ယူ ကာသုံးသော အိမ်ထောင်စုများလည်း ရှိပါသည်။

၅.၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

မဲတောကျေးရွာသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ပြီး စိုက်ပျိုးရေအဖြစ်မိုးရေကိုသာ အားထားရသောကြောင့် မိုးခေါင်လျှင် တောင်သူများ သီးနှံဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရပါသည်။ သဘာဝ ဘေးအန္တရာယ်ကျရောက်မှု မရှိဖူးသေးပါ။ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ကျေးရွာတွင် ဘောင်ရွက်မှုများ မရှိသေးပါ။ ဆောင်ရွက်ရန် အသိပညာဗဟုသုတ လိုအပ်လျက် ရှိပါသည်။

၅.၉။ ကျား - မရေးရာ

မဲတောကျေးရွာမှ အမျိုးသမီးများသည် ကျေးရွာ၏ စီမံအုပ်ချုပ်မှုစနစ်တွင် ပါဝင်လေ့မရှိပါ။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများနှင့်တန်းတူ ပါဝင်ဆောင်ရွက်ကြပါသည်။ ရှေးယခင်က အမျိုးသမီးများသည် ဓမ္မစကြာ ဝတ်ရွတ်အသင်းတွင်သာ ပါဝင်ခဲ့သော်လည်း ယခုအခါတွင် စီးပွားရေး၊ လူမှုရေး၊ သာရေးနာရေး လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ကြိုးကြိုးစားစားတက်တက်ကြွကြွ ပါဝင် လုပ်ကိုင်လာကြသည်ကို တွေ့ရပါသည်။ ရှေးယခင်က အမျိုးသမီးများသည် အတန်းပညာပြီးမြောက်သည် အထိ သင်ကြားခြင်းမရှိဘဲ ကျောင်းထွက်နှုန်းများပြီး အိမ်မှုကိစ္စများကိုသာ လုပ်ကိုင်လေ့ရှိပါသည်။ ယခုအခါတွင်မူ အမျိုးသမီးများသည်လည်း အမျိုးသားများတန်းတူ ပညာသင်ကြားလာကြပြီး အတန်းပညာပြီးဆုံးသည်အထိ တက်ရောက်ကြပါ သည်။

၆. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

ဦးစားပေးစီမံကိန်းလုပ်ငန်းများအား ကျေးရွာပြည်သူလူထု ပူးပေါင်းပါဝင်ဆွေးနွေး၍ ရေးဆွဲထားပါသည်။ ဦးစားပေးစီမံကိန်းလုပ်ငန်းများသည် ဆိုးဝါးသော သဘာဝဘေးအန္တရာယ်ကျရောက်မှုမှလွဲ၍ ပြောင်းလဲခြင်း မရှိနိုင်ပေ။ သို့သော် ဒေသတွင်းဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များအရ အရေးကြီး ပြုပြင် ပြောင်းလဲသင့်သော အရာများတွင် ထပ်တိုးစီမံကိန်းများ ထပ်မံထည့်ဝင်သွားမည် ဖြစ်ပါသည်။

မဲတောကျေးရွာ၏ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စီမံချက်အမည်	ဦးစားပေးအဆင့်
ကျေးရွာထိပ်လမ်း (ဗိုလ်စံဖဲလမ်း) အား ကျောက်ချော လမ်းခင်းခြင်း	၁
လျှပ်စစ်မီးသွယ်တန်းခြင်း	၂
ကျေးရွာတွင်းလမ်းများ ကျောက်ချော လမ်းခင်းခြင်း	၃
ကျေးရွာချင်း ဆက် လမ်း၊ တံတားများ ပြု ပြင် တည် ဆောက် ခြင်း (၁) မဲတော-ကန် ရှည် ကျေးရွာ ချင်းဆက်လမ်း (၂) မဲတော-သဲ ပုတ်ကုန်း ကျေး ရွာချင်းဆက် လမ်း	၄
ကျေး လက် ဆေးပေးခန်း တည်ဆောက် ခြင်း	၅

သာစည်မြို့၊ ယင်းမာရီး ကျေးရွာအုပ်စု၊ မဲတော ကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးကျော်ကျော်	ဦးသန်းအောင်	၉/ သစန (နိုင်) ၁၅၃၇၁၆	၆၀	နာယက	၀၉ ၄၀၃၀၆၅၃၀၇
၂	ဦးကျော်မောင်	ဦးစံမှိ	၉/ သစန (နိုင်) ၀၇၄၁၈၄	၆၀	ဥက္ကဋ္ဌ	
၃	ဦးကျော်ဦး	ဦးလှကျော်	၉/ သစန (နိုင်) ၀၇၄၆၉၄	၄၈	အတွင်းရေးမှူး	၀၉ ၇၈၈၇၅၅၃၃၀
၄	ဦးမင်းဆွေဦး	ဦးစံသိန်း	၉/ သစန (နိုင်) ၁၁၀၄၂၉	၃၅	ဘဏ္ဍာရေးမှူး	၀၉ ၇၉၅၇၇၈၀၄၀
၅	ဦးအောင်ကိုမင်း	ဦးအောင်မင်း	၉/ သစန (နိုင်) ၁၈၆၆၆၁	၁၉	စာရင်းကိုင် (၁)	
၆	မရွှေနှင်းသိန်း	ဦးဂျပန်	၉/ သစန (နိုင်) ၁၅၈၉၀၉	၂၃	စာရင်းကိုင် (၂)	၀၉ ၄၀၃၀၆၄၉၁၉
၇	မအိသန္တာထွန်း	ဦးမြင့်သိန်း	၉/ သစန (နိုင်) ၁၇၇၈၃	၂၀	သော့ကိုင် (၁)	၀၉ ၄၂၆၉၈၃၃၅၃
၈	ဦးရဲမောင်	ဦးစိုးညွှန့်	၉/ သစန (နိုင်) ၁၃၂၈၉၂	၂၆	သော့ကိုင် (၂)	၀၉ ၄၂၄၂၉၉၆
၉	ဦးမျိုး	ဦးညိုမောင်	၉/ သစန (နိုင်) ၁၀၉၂၉၇	၃၅	အဖွဲ့ဝင်	
၁၀	မဖြူဖြူသန့်	ဦးအေးလွင်	၉/ သစန (နိုင်) ၁၃၂၈၉၀	၂၅	အဖွဲ့ဝင်	
၁၁	ဦးကုဋ္ဌေမြင့်	ဦးတင်မြင့်	၉/ သစန (နိုင်) ၁၃၂၈၆၉	၂၆	အဖွဲ့ဝင်	၀၉ ၉၆၉၇၀၁၀၉၉
၁၂	မလှလှဝင်း	ဦးသိန်းအောင်	၉/ သစန (နိုင်) ၁၁၀၄၅၂	၅၀	အဖွဲ့ဝင်	၀၉ ၉၆၉၃၃၈၁၄၅

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(၈) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၂	၉	၁၁
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၈	၁၅	၃၃
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၂၆	၁၂	၃၈
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၂၂	၂၅	၄၇
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၂၈၄	၃၂၂	၆၀၆
၆၅ နှစ် နှင့်အထက်	သက်ကြီးရွယ်ကြီး	၁၁	၁၇	၂၈
စုစုပေါင်း		၃၆၃	၄၀၀	၇၆၃
စုစုပေါင်း အိမ်ထောင်စု				၁၅၆

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ မဲတောကျေးရွာတွင် အိမ်ထောင်စုစာရင်းစစ်တမ်းကောက်ယူမှုအရ အိမ်ထောင်စု (၁၅၆) စုရှိသည့်အနက် (၂၀%) သော အိမ်ထောင်စုများမှ မိသားစုဝင်များသည် မူဆယ်မြို့နှင့် ထိုင်းနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ကြသည်ကို တွေ့ရှိရပါသည်။ တစ်အိမ်ထောင်ပျမ်းမျှလူဦးရေ (၄.၈) ဦးနှုန်း ရှိပါသည်။ ကလေးမွေးဖွားနှုန်း နည်းပါးသည်ကို တွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၄	သစ်တောလုပ်ငန်း:				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် □ လတ် □ နိမ့် □
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား /	၀	၀	၀	မြင့် □ လတ် □ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ဝန်ထမ်း				
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း:	၅	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၄	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း:**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့်ဝပ် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၈	**ကျန်းမာရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၂၀	**အိမ်များတွင် အတွားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား:	၀	၀	၀	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	စုစုပေါင်း:				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ မဲတောကျေးရွာတွင် စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားစီးပွားရေး လုပ်ငန်းများ အနေဖြင့် ပန်ရံ၊ လက်သမား လုပ်ကိုင်သူများ၊ သီးနှံပွဲစားနှင့် ကုန်စုံဆိုင်ဖွင့်သော အိမ်ထောင်စုများ ရှိပါသည်။ ပန်းရံ၊ လက်သမားများမှာ လုပ်ငန်းရှိမှသာ ဝင်ငွေရသောကြောင့် အသင့်အတင့်သာ အဆင်ပြေပါသည်။ သီးနှံပွဲစား နှင့် အိမ်ဆိုင်ဖွင့်သူများသည် ဝင်ငွေ အဆင်ပြေပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၅၅၉.၉၀	ကောင်း ☐	သင့် ☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၆၆၁.၀၀	ကောင်း ☐	သင့် ☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
ကိုင်း / ကျွန်းမြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
ခနိတောမြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
စားကျက်မြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
မြေလွတ် မြေလပ်	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
စုစုပေါင်း	၁၂၂၀.၉	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ မဲတောကျေးရွာသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြပြီး အိမ်ထောင်စုအများစုမှာ စိုက်ပျိုးမြေ ပိုင်ဆိုင်ကြပါသည်။ မြေဆီလွှာ အရည်အသွေး အသင့်အတင့်သာကောင်းမွန်ပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ မဲတောကျေးရွာနှင့် ဝန်းကျင်တွင် ခါတ်သတ္တုများ မထွက်ရှိပါ။ တိရစ္ဆာန် မျိုးစိတ်များအနေဖြင့် ဆက်ရက်၊ ဗျိုင်း၊ စာကလေး၊ ဇီးကွက်၊ မြွေ၊ တောက်တဲ့၊ ရှဉ့်စသည်တို့ တွေ့ရှိရပါသည်။ အပင်မျိုးစိတ်များအနေဖြင့် ရှားစောင်းလက်ပပ်၊ မရန့်မလူ၊ မြင်းခွာ၊ ရှားပင်၊ ထနောင်းပင်၊ တမာ၊ မန်ကျည်း စသည်တို့ ပေါက်ရောက်ပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၆	၈၁	၂၆	၃၃

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ မဲတောကျေးရွာသည် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြပြီး လယ်မြေ ပိုင်ဆိုင်မှုများ ရှိသောကြောင့် အဆင်မပြေသော အိမ်ထောင်စု အနည်းငယ်သာရှိပါသည်။ ဆင်းရဲချမ်းသာ ကွာဟမှုမရှိပါ။ သာမန် အဆင်ပြေသော အိမ်ထောင်စု များပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် □ လတ် □ နိမ့် □ မရှိ □
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ ဓိုက်ပျိုးရေ)	မြင့် □ လတ် □ နိမ့် □ မရှိ □
၃	ရေကြီးခြင်း	မြင့် □ လတ် □ နိမ့် □ မရှိ □
၄	မိုးခေါင်ခြင်း	မြင့် □ လတ် □ နိမ့် □ မရှိ □
၅	အအေးလွန်ကဲခြင်း	မြင့် □ လတ် □ နိမ့် □ မရှိ □
၆	မုန်တိုင်း	မြင့် □ လတ် □ နိမ့် □ မရှိ □
၇	ငလျင်	မြင့် □ လတ် □ နိမ့် □ မရှိ □
၈	မီးဘေး	မြင့် □ လတ် □ နိမ့် □ မရှိ □
၉	ဆားငန်ရေဝင်မြေ	မြင့် □ လတ် □ နိမ့် □ မရှိ □
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် □ လတ် □ နိမ့် □ မရှိ □
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် □ လတ် □ နိမ့် □ မရှိ □
၁၂	ငှက်ဖျားရောဂါ	မြင့် □ လတ် □ နိမ့် □ မရှိ □
၁၃	တီဘီရောဂါ	မြင့် □ လတ် □ နိမ့် □ မရှိ □
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် □ လတ် □ နိမ့် □ မရှိ □
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် □ လတ် □ နိမ့် □ မရှိ □
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် □ လတ် □ နိမ့် □ မရှိ □
၁၇	လူကုန်ကူးခြင်း	မြင့် □ လတ် □ နိမ့် □ မရှိ □
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် □ လတ် □ နိမ့် □ မရှိ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့် အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။

(ဥပမာ။ ။ အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။ မဲတောကျေးရွာတွင် သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း မရှိပါ။ သီးနှံအထွက်နှုန်း ကျဆင်းသည့်နှစ်များတွင် ဆင်းရဲသောမိသားစုများအနက် စားနပ်ရိက္ခာမဖူလုံသော အိမ်ထောင်စုအနည်းငယ် ရှိပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ပရဟိတအဖွဲ့	၁ □ ၂ ☑ ၃ □	၀	၀	၀	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး □ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☑ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း ☑ သင့် □ ညံ့ □
၂	အမျိုးသမီး ယဉ်ကျေးမှု အဖွဲ့	၁ □ ၂ □ ၃ ☑	၀	၀	၀	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး □ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □
၃		၁ □ ၂ □ ၃ □				ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၄		၁ □ ၂ □ ၃ □				ပညာရေး □ ဌေးကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု - လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ မဲတောကျေးရွာတွင် ပရဟိတအဖွဲ့နှင့် အမျိုးသမီးယဉ်ကျေးမှုအဖွဲ့ဟူ၍ အဖွဲ့ (၂) ဖွဲ့ ရှိပါသည်။ အဖွဲ့အစားလုံး စည်းလုံး၍ လုပ်ငန်းများကိုတက်ကြွစွာ ဆောင်ရွက်ကြပါသည်။ ပရဟိတ အဖွဲ့တွင် ကျေးရွာမှ အမျိုးသား၊ အမျိုးသမီး (၂) မျိုးလုံးဖြင့် ဖွဲ့စည်းထားပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင ်သတ်မှတ်ချက်
၁	မြေယာမဲ့	၂၉	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၈	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၃၃	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၄၆	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၄၀	တောင်သူကြီး
